ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

ဒုတိယအကြိမ် နှင့် တတိယအကြိမ်

ပြည်သူ့လွှတ်တော်

၁၉၈၁ ခုနှစ်

# ဥပဒေများ၊ နည်းဥပဒေများ

# နှင့်

# လုပ်ထုံးလုပ်နည်းများ

ပြည်သူ့လွှတ်တော်အတွက် ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းမှ ပုံနှိပ်သည်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ဒုတိယအကြိမ်နှင့် တတိယအကြိမ်

## ပြည်သူ့လွှတ်တော်

## ၁၉၈၁ ခုနှစ်

# ဥပဒေများ၊ နည်းဥပဒေများ

# နှင့်

# လုပ်ထုံးလုပ်နည်းများ

ပြည်သူ့လွှတ်တော်အတွက် ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းမှ ရိုက်နှိပ်သည်

## မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ |
|---|---|
| | **ဥပဒေများ** |
| ၁။ | ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ * |
| ၂။ | ၁၉၈၁ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များ ဆိုင်ရာ ဥပဒေ * |
| ၃။ | ၁၉၈၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံး ဆိုင်ရာ ဥပဒေ * |
| ၄။ | မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ထောက်ပံ့ငွေ ပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ** |
| ၅။ | မြန်မာစာအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ** |

**နည်းဥပဒေများ**

မရှိပါ။

**လုပ်ထုံးလုပ်နည်းများ**

မရှိပါ။

---

* ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ အစည်းအဝေးတွင် အတည်ပြု ပြဋ္ဌာန်းပါသည်။

** တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးတွင် အတည်ပြု ပြဋ္ဌာန်းပါသည်။

# ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ

[ ၁၉၈၁ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၁ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အခြေခံဥပဒေပုဒ်မ ၄၃ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်---

၄၃။ ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းသည် ယင်း၏ ပထမ အကြိမ် အစည်းအဝေး ကျင်းပသည့်နေ့မှ စ၍ လေးနှစ် ဖြစ်သည်။ သို့ရာတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အားလုံး၏ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းက သဘောတူလျှင် ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းကို ပြည်သူ့လွှတ်တော်သည်---

(က) လျှော့ပေါ့သတ်မှတ်နိုင်သည်၊ သို့မဟုတ်

(ခ) ပုဒ်မ ၇၇ နှင့် အညီ တိုးမြှင့်သတ်မှတ်နိုင်သည်။

၃။ အခြေခံဥပဒေ ပုဒ်မ ၆၂ ကို ပယ်ဖျက်ရမည်။

၄။ အခြေခံဥပဒေပုဒ်မ ၁၀၂ ပုဒ်မခွဲ (က) တွင် "ပြည်သူ့လွှတ်တော်က ခြောက်လကြိုတင်၍" ဆိုသည့် စကားရပ်ကို "ပြည်သူ့လွှတ်တော်က အနည်းဆုံး ခြောက်လကြိုတင်၍" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အခြေခံဥပဒေပုဒ်မ ၁၈၂ ပုဒ်မခွဲ (ဂ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(ဂ) ပုဒ်မ ၄၃ ပုဒ်မခွဲ (က) အရ ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းကို လျှော့ပေါ့သတ်မှတ်ရန် ဆုံးဖြတ်လျှင် ယင်းသို့ လျှော့ပေါ့သတ်မှတ်ရန် ဆုံးဖြတ်သော ပြည်သူ့လွှတ်တော် အစည်းအဝေးက ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်တရပ်ကို ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် အသစ်ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ပုဒ်မခွဲ (ခ) နှင့် အညီ တပါတည်း ဖွဲ့စည်းပေးရမည်၊

၆။ အခြေခံဥပဒေ ပုဒ်မ ၁၈၃ ပုဒ်မခွဲ (က) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(က) ပုဒ်မ ၆၃ အရ ပြည်သူ့ကောင်စီတရပ်ရပ်ကို သက်တမ်းမကုန်ဆုံးမီ ဖျက်သိမ်းခဲ့လျှင် ဥပဒေအရ သတ်မှတ်သည့်အတိုင်း ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပ၍ သက်ဆိုင်ရာ ပြည်သူ့ကောင်စီ၏ အစည်းအဝေးကို ကျင်းပရမည်၊

၇။ အခြေခံဥပဒေပုဒ်မ ၂၀၉ ပုဒ်မခွဲ (က) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်—

(က) ပုဒ်မ ၆၃ အရ ပြည်သူ့ကောင်စီတရပ်ရပ်ကို သက်တမ်းမကုန်ဆုံးမီ ဖျက်သိမ်းခဲ့လျှင်အသစ်ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကောင်စီ၏ သက်တမ်းကာလသည် ဖျက်သိမ်းခဲ့သည့် ပြည်သူ့ကောင်စီ၏ ကျန်သက်တမ်းကာလအတွက်သာလျှင် ဖြစ်စေရမည်၊

# ၁၉၇၁ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှု နှင့်ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ

# ၁၉၈၁ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ

[ ၁၉၈၁ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၂ ]

## နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အနှစ် ၂၀ နှစ်ရှည်စီမံကိန်းနှင့် တတိယလေးနှစ် စီမံကိန်းလမ်းညွှန်မှုများတွင် ပါရှိသည့်ရည်မှန်းချက်နှင့်တတိယလေးနှစ်စီမံကိန်း (၁၉၇၈-၇၉ မှ ၁၉၈၁-၈၂) တို့၏ ရည်မှန်းချက်များကို ရရှိစေရန် အလို့ငှာ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၈၁ ခုနှစ်၊ စီးပွားရေးစီမံကိန်းဆိုင်ရာ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ ဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၈၁-၈၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၈၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်ရမည်။

## အခန်း (၂)

## စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမအစည်းအဝေးကအတည်ပြုပေးခဲ့သော ကတိယ လေးနှစ်စီမံကိန်းနှင့်အညီ ရေးဆွဲ ထားသည့် တတိယလေးနှစ်စီမံကိန်း၏စတုတ္ထနှစ်ဖြစ်သော ၁၉၈၁-၈၂ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ရရှိနိုင်ရန် ထိုကဏ္ဍများနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက်အကောင်အထည် ဖော်ကြရမည်။

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၈၁-၈၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့်တွက်ချက်ထားပါသည်) — စုစုပေါင်းတန်ဖိုး | အသားတင်တန်ဖိုး | ၁၉၈၀-၈၁ ခုနှစ် ယာယီစာရင်းအပေါ် ၁၉၈၁-၈၂ ခုနှစ် ရည်မှန်းချက်များ၏တိုးတက်မှုနှုန်း — စုစုပေါင်းတန်ဖိုးအပေါ် | အသားတင်တန်ဖိုးအပေါ် | တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|
| | | ကျပ်သိန်းပေါင်း | | ရာနိုင်နှုန်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | လယ်ယာ .... .... .... | ၅၃၉၇၂ | ၄၇၄၂၀ | ၅·၃ | ၄·၉ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့် ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း၊ စက်မှုလယ်ယာ ဦးစီးဌာန၊ ပြည်သူ့လုပ်အား နေရာချထားရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာန၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၂ | သားငါး .... ... ... | ၁၄၀၄၂ | ၁၀၉၄၉ | ၅·၃ | ၇·၁ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– လယ်ယာနှင့် သစ်တောဝန်ကြီးဌာန နှင့် ထိုဝန်ကြီးဌာန လက်အောက်ရှိ ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်း၊ တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းကော်ပိုရေးရှင်း၊ တိရစ္ဆာန်ဆေးကုသရေးနှင့် မွေးမြူရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာန၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၃ | သစ်တော .... .... .... | ၆၀၉၁ | ၃၉၄၇ | ၈·၃ | ၇·၇ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သစ်လုပ်ငန်းကော်ပိုရေးရှင်းနှင့် သစ်တောဦးစီးဌာန၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၄ | သတ္တု .... .... .... | ၄၅၂၇ | ၂၅၇၅ | ၃၁·၃ | ၃၁·၄ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– သတ္တုတွင်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အမှတ် (၁) သတ္တုတူးဖော် ထုတ်လုပ်ရေးကော်ပိုရေးရှင်း၊ အမှတ် (၂) သတ္တုတူးဖော်ထုတ်လုပ်ရေးကော်ပိုရေးရှင်း၊ အမှတ် (၃) သတ္တုတူးဖော်ထုတ်လုပ်ရေး ကော်ပိုရေးရှင်း၊ မြန်မာ့ ကျောက်မျက်ရတနာ ကော်ပိုရေးရှင်း၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာန၊ စီမံကိန်းနှင့် လုပ်ငန်းစစ်ဆေးရေးဦးစီးဌာန၊<br>– အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ရေနံကော်ပိုရေးရှင်း၊<br>– ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အကျဉ်းဦးစီးဌာန၏ ကျောက်ထုတ်လုပ်ငန်း၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၅ | စက်မှုလက်မှု .... ... | ၈၂၇၄၂ | ၁၇၈၅၄ | ၇·၉ | ၈·၇ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– အမှတ် (၁) စက်မှုဝန်ကြီးဌာန နှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်း၊ သတ္တုပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း၊ ကြွေထည်မြေထည် လုပ်ငန်းကော်ပိုရေးရှင်း၊ အထွေထွေ စက်မှုလုပ်ငန်း ကော်ပိုရေးရှင်း၊ ဒေသန္တရ စက်မှုလက်မှု ကြီးကြပ်ရေးနှင့် လုပ်ငန်းစစ်ဆေးမှု ညွှန်ကြားရေးဦးစီးဌာနနှင့် စက်မှုစီမံကိန်းဦးစီးဌာန၊<br>– အမှတ် (၂) စက်မှုဝန်ကြီးဌာန နှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ စက်မှုဆောင်ရွက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ စက္ကူ နှင့် ဓာတုဗေဒ လုပ်ငန်းကော်ပိုရေးရှင်း၊ ရေနံဓာတုဗေဒနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကော်ပိုရေးရှင်း၊ အကြီးစားစက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ ဗဟို သုတေသန လုပ်ငန်းအဖွဲ့၊ |

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၇၁-၇၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့်တွက်ချက်ထားပါသည်) | | ၁၉၇၀-၇၁ ခုနှစ် ယာယီစာရင်းအပေါ် ၁၉၇၁-၇၂ ခုနှစ် ရည်မှန်းချက်များ၏တိုးတက်မှုနှုန်း | | တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|
| | | စုစုပေါင်းတန်ဖိုး | အသားတင်တန်ဖိုး | စုစုပေါင်းတန်ဖိုးအပေါ် | အသားတင်တန်ဖိုးအပေါ် | |
| | | ကျပ်သိန်းပေါင်း | | ရာခိုင်နှုန်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၅ | စက်မှုလက်မှု။ ။အဆုံး | | | | | — လယ်ယာနှင့် သစ်တောဝန်ကြီးဌာန နှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း၊ ပုလဲနှင့် ငါးလုပ်ငန်း ကော်ပိုရေးရှင်း၊ တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းကော်ပိုရေးရှင်း၊ ငါးလုပ်ငန်းဦးစီးဌာန၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ ဆားလုပ်ငန်း ကော်ပိုရေးရှင်း၊<br>— သတ္တုတွင်းဝန်ကြီးဌာန နှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်း၊<br>— ဆောက်လုပ်ရေးဝန်ကြီးဌာန နှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဆောက်လုပ်ရေးကော်ပိုရေးရှင်း၊<br>— ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သင်္ဘောကျင်းကော်ပိုရေးရှင်း၊ ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ဆိပ်ကမ်းကော်ပိုရေးရှင်း၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊<br>— ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာကိရိယာနှင့် ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ စားသောက်ဆိုင်နှင့် အပျော်ပါမောက္ခ ကုန်သွယ်ရေး ကော်ပိုရေးရှင်း၊ အထည်အလိပ်ကုန်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ ဆေးနှင့်ဆေးပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း၊<br>— ပြန်ကြားရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သတင်းနှင့် စာနယ်ဇင်းကော်ပိုရေးရှင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း၊<br>— ပညာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အထက်တန်းပညာဦးစီးဌာန၏ တက္ကသိုလ်များပုံနှိပ်တိုက်၊<br>— ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သာသနာရေးဦးစီးဌာန၊<br>— စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဝါဒီလုပ်ငန်းစီမံကိန်း၊<br>— ကာကွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ကာကွယ်ရေးစက်ပစ္စည်းစက်ရုံ၊<br>— သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် သမဝါယမဦးစီးဌာန။ |
| ၆ | လျှပ်စစ်ဓာတ်အား — | ၂၅၈၉ | ၂၀၄၁ | ၁၉·၄ | ၂၀·၅ | — ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့ကတာဝန်ပေးမည့်ကော်မတီ၊<br>— ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>— အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း။ |
| ၇ | ဆောက်လုပ်ရေး .... — .... | ၁၃၇၀၆ | ၄၇၂၅ | ၆·၅ | ၅·၀ | — ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>— ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>— ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဆောက်လုပ်ရေးကော်ပိုရေးရှင်း။ |
| ၈ | ပို့ဆောင်ရေး .... .... .... | ၁၃၉၂၅ | ၈၁၇၀ | ၂·၀ | ၃·၆ | — ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>— ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>— ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ကုန်းလမ်း ပို့ဆောင်ရေး ကော်ပိုရေးရှင်း၊ ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း၊ လေကြောင်းပို့ဆောင်ရေးကော်ပို ရေးရှင်း၊ ဆိပ်ကမ်းကော်ပိုရေးရှင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊<br>— သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၈၁-၈၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ်ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားပါသည်) — ဝိုင်းမွှေးသုံးစွဲမှုတန်ဖိုး | အသားတင်ထုတ်ကုန်တန်ဖိုး | ၁၉၈၀-၈၁ ခုနှစ် ယာယီခန့်မှန်းချက်အပေါ် ၁၉၈၁-၈၂ ခုနှစ် ရည်မှန်းချက်များ၏တိုးတက်မှုနှုန်း — ဝိုင်းမွှေးသုံးစွဲမှုတန်ဖိုးအပေါ် | အသားတင်ထုတ်ကုန်တန်ဖိုးအပေါ် | တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|
| | | ကျပ်သိန်းပေါင်း | | ရာခိုင်နှုန်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၉ | ဆက်သွယ်ရေး .... — .... | ၇၇၇ | ၆၆၅ | ၇.၆ | ၇.၈ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဆက်သွယ်ရေးကော်ပိုရေးရှင်း။ |
| ၁၀ | ငွေရေးကြေးရေး ... .... — | ၇၂၃၈ | ၅၂၉၃ | ၉.၉ | ၅.၃ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့စိုက်ပျိုးရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းကော်ပိုရေးရှင်း၊<br>– သမဝါယမ ဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန၊ |
| ၁၁ | လူမှုရေးနှင့် စီမံခန့်ခွဲရေး — ... | ၃၀၂၀၆ | ၁၇၄၄၁ | ၆.၁ | ၅.၈ | – နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ သို့မဟုတ် ထိုအဖွဲ့အစည်း အသီးသီးက တာဝန်ပေးမည့် ဌာန၊ ရုံး၊ ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ပညာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အထက်တန်းပညာဦးစီးဌာန၊ စက်မှု စိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ တက္ကသိုလ်ဦးစီးဌာန၊ ပညာရေးသုတေသနအဖွဲ့၊ မြန်မာစာအဖွဲ့၊<br>– ကျန်းမာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆေးပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊<br>– လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊<br>– ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– ပြန်ကြားရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာန၊<br>– အလုပ်သမားဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– ကာကွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ။ |
| ၁၂ | အိမ်ရာ၊နေရာနှင့် အခြားဝန်ဆောင်မှု .... | ၁၂၀၀၄ | ၁၀၀၁၈ | ၂.၉ | ၂.၈ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အိုးအိမ်ဦးစီးဌာန၊<br>– ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးကော်ပိုရေးရှင်း၊<br>– ပြန်ကြားရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရုပ်ရှင်ကော်ပိုရေးရှင်း၊<br>– ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ဆိပ်ကမ်းကော်ပိုရေးရှင်း။ |

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၈၁-၈၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ၊ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားပါသည်) — ကျပ်သိန်းပေါင်း — ဈေးပေါင်းတန်ဖိုး | ၁၉၈၁-၈၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ — ကျပ်သိန်းပေါင်း — အသားတင်တန်ဖိုး | ၁၉၈၀-၈၁ ခုနှစ် ယာယီစာရင်းအပေါ် ၁၉၈၁-၈၂ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း — ရာခိုင်နှုန်း — ဈေးပေါင်းတန်ဖိုးအပေါ် | ၁၉၈၀-၈၁ ခုနှစ် ယာယီစာရင်းအပေါ် ၁၉၈၁-၈၂ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း — ရာခိုင်နှုန်း — အသားတင်တန်ဖိုးအပေါ် | တာဝန်ခံဆောင်ရွက်မည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁၃ | ကုန်သွယ်မှုတန်ဖိုး .... .... | ၄၄၃၉၅ | ၃၅၉၉၅ | ၃·၉ | ၃·၆ | — ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့် ကော်မတီ၊<br>— ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>— ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်ရေးကော်ပိုရေးရှင်းများ၊<br>— အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရေနံထွက်ပစ္စည်းများ ဖြန့်ဖြူးရောင်းချရေး ကော်ပိုရေးရှင်း၊<br>— လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊<br>— ထုတ်လုပ်သူများထံမှ ကုန်ပစ္စည်းများကို တိုက်ရိုက်ဝယ်ယူသည့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊<br>— စားသုံးသူနှင့် လုပ်ငန်းရှင်များသို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချသည့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊<br>— သမဝါယမဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၁၄ | ဈေးပေါင်း .... .... .... | ၂၈၆၅၁၁ | ၁၆၆၉၈၃ | ၆·၂ | ၅·၇ | |
| ၁၅ | နိုင်ငံခြားသို့ပို့ကုန်တန်ဖိုး (သင်္ဘောပေါ်ရောက်တန်ဖိုး) | ၁၁၀၂၁ | — | ၂၁·၁ | .... | — ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>— ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>— ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်းကုန်သွယ်ရေးကော်ပိုရေးရှင်း၊ စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ မြန်မာ့ထုတ်ကုန်သွင်းကုန်ကော်ပိုရေးရှင်း၊<br>— လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း၊ ပုလဲနှင့်ငါးလုပ်ငန်းကော်ပိုရေးရှင်း၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊<br>— သတ္တုတွင်းဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ အမှတ် (၁) သတ္တုတူးဖော်ထုတ်လုပ်ရေးကော်ပိုရေးရှင်း၊ အမှတ်(၂)သတ္တုတူးဖော်ထုတ်လုပ်ရေးကော်ပိုရေးရှင်း၊ မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်း၊<br>— အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ကြွေထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ အထွေထွေစက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်း၊<br>— အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် ထိုဝန်ကြီးဌာနလက်အောက်ရှိ ရေနံဓာတုဗေဒနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကော်ပိုရေးရှင်း၊ စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းကော်ပိုရေးရှင်း၊<br>— ပြည်ပသို့တိုက်ရိုက်တင်ပို့ရောင်းချသည့်နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ။ |
| ၁၆ | ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | .... | ၁၆၆၉၈၃ | .... | ၅·၇ | |
| ၁၇ | ပြည်တွင်းသုံးရန်တန်ဖိုး .... .... | ၁၆၉၀၇၂ | .... | ၅·၁ | .... | |
| ၁၈ | စားသုံးရန်လျာထားသည့်တန်ဖိုး .... .... | ၁၄၄၀၆၄ | — | ၆·၇ | .... | |
| ၁၉ | ငွေရင်းမြှုပ်ရန်လျာထားသည့်တန်ဖိုး .... | ၂၄၆၆၈ | — | ၀·၂ | ... | |

ဇယား။ ။အဆုံး

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၇၁-၇၂ ခု ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ (ဘဏ်ငွေများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန်စျေးနှုန်းများဖြင့် တွက်ချက်ထားပါသည်) စုစုပေါင်းတန်ဖိုး | အသားတင်တန်ဖိုး | ၁၉၇၀-၇၁ ခုနှစ် ယာယီစာရင်းအပေါ် ၁၉၇၁-၇၂ ခုနှစ် ရည်မှန်းချက်များ၏တိုးတက်မှုနှုန်း စုစုပေါင်းတန်ဖိုးအပေါ် | အသားတင်တန်ဖိုးအပေါ် | တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|
| | | ကျပ် | | ရာခိုင်နှုန်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၂၀ | လူတဦးစီအတွက်ပျမ်းမျှထုတ်လုပ်မှု ... ... | ၇၂၁ | .... | ၃.၇ | .... | |
| ၂၁ | လူတဦးစီအတွက် ပျမ်းမျှပြည်တွင်းအသားတင်ထုတ်လုပ်မှု | ၄၇၉ | .... | ၃.၂ | .... | |
| ၂၂ | လူတဦးစီအတွက်ပျမ်းမျှဝင်ငွေ ... | ၄၇၅ | .... | ၂.၇ | .... | |
| ၂၃ | လူတဦးစီအတွက်ပျမ်းမျှစားသုံးမှု ... ... | ၄၀၃ | .... | ၄.၃ | .... | |
| ၂၄ | လူတဦးစီ၏ပျမ်းမျှရင်းနှီးမြှုပ်နှံမှု ... ... | ၇၁ | .... | (–) ၁.၄ | .... | |
| ၂၅ | အလုပ်လုပ်သူတဦး၏ ပျမ်းမျှထုတ်လုပ်မှု ... | ၂၀၆၉ | .... | ၃.၆ | .... | |
| ၂၆ | အလုပ်လုပ်သူတဦး၏ ပျမ်းမျှ ပြည်တွင်းအသားတင်ထုတ်လုပ်မှု | ၁၂၀၆ | .... | ၃.၂ | .... | |

# ၁၉၇၁ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ
# အရ အသုံးဆိုင်ရာ ဥပဒေ

# ၁၉၇၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ
# အရအသုံးဆိုင်ရာ ဥပဒေ

[၁၉၇၁ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အပိုင်း ၁

## အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၈၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေပါ ပုဒ်မ ၃ သည် ၁၉၈၁ ခုနှစ်၊ ဧပြီလ ၁ ရက် နေ့မှ စတင်အာဏာတည်ရမည်၊

(ဂ) ဤဥပဒေပါ ကျန်ပုဒ်မများသည် ၁၉၈၁-၈၂ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ၁၉၈၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်ရမည်။

## အပိုင်း ၂

## ဘဏ္ဍာ ရန်ပုံငွေ

### ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေနှင့် နိုင်ငံတော်၏ အဖွဲ့အစည်းများ၏ ဘဏ္ဍာရန်ပုံငွေ

၂။ (က) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တဝန်းလုံး၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်၊

(ခ) နိုင်ငံတော်၏ အဖွဲ့အစည်းများ၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ အဖွဲ့အစည်းများ၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

# အပိုင်း ၃

# နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

## အခန်း (၁)

## ရေခွန်နှင့် တာတမံခွန်

၃။ (က) မြန်မာနိုင်ငံ တူးမြောင်းအက်ဥပဒေအရ ပြဋ္ဌာန်းထားသော နည်းဥပဒေများနှင့်အညီ ရေခွန်နှင့် တာတမံခွန်များကို မြေခွန်တွင် ထည့်သွင်း စုပေါင်းစည်းကြပ်ကောက်ခံခြင်းမပြုပဲ အောက်ပါ နှုန်းထား များဖြင့် သီးခြားစည်းကြပ်ကောက်ခံရမည်—

(၁) နိုင်ငံတော်က တည်ဆောက်ထိန်းသိမ်းထားသည့် ဆည်၊ ကန်များ၏ ရေသောက်ဒေသများတွင် မြေခွန်အပြင် ရေခွန်ကို တစ်ဧကလျှင် တစ်ဆယ်ကျပ်နှုန်း၊

(၂) နိုင်ငံတော်က တာတမံများနှင့် ရေနုတ်မြောင်းများ တည်ဆောက်ကာကွယ်ပေးထားရသည့်ဒေသ

များတွင် မြေခွန်အပြင် တာတမံခွန်ကို တစ်ကေလျှင် ငါးကျပ်နှုန်း၊

(ခ) ဝန်ကြီးအဖွဲ့သည် ပုဒ်မခွဲ (က) ပါ ရေခွန်နှင့် တာတမံခွန်များ စည်းကြပ်ကောက်ခံရာတွင် အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## အခန်း (၂)

## ရငွေများနှင့် သုံးငွေများ

၄။ (က) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၁) (၂) (၃) နှင့် (၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်၊

(ခ) နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများအတွက် ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်း

ဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်၊

(ဃ) ဇယား(၁)နှင့် (၃)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပ အကူအညီရငွေနှင့် အခန်း (၄) အရ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ထိုသို့ ပိုမိုရရှိသော ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့ဖြင့် ကျခံရမည့် လုပ်ငန်း အသုံးစရိတ်များကို ဇယား (၂)နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက်ပိုမိုသုံးစွဲရန် လိုအပ်ပါက ဝန်ကြီးအဖွဲ့က စိစစ်သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ ပြည်ပမှ အကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များကိုမူ ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြ ခွင့်ပြုထားသော ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။ ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေဖြင့် မလုံလောက်ပါက ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ သီးသန့် ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

၅။ (က) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေကို ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြသော ၁၉၈၁-၈၂ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်၊

(ခ) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်

များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ(ဃ) အရ ဝန်ကြီးအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း ပြည်သူ့လွှတ်တော်သို့ တင်ပြသော ၁၉၇၁-၇၂ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်၊

(င) ဝန်ကြီးအဖွဲ့သည် ပုဒ်မ ၄ ပုဒ်မခွဲ (ဃ) အရ ပိုမို သုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

## အခန်း (၃)

## သီးသန့်ရန်ပုံငွေ

၆။ (က) နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား (၄) စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်—

(၁) ကြိုတင် မမျှော်မှန်းနိုင်သောအသုံးစရိတ် ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့်ကိစ္စ ဖြစ်ခြင်း၊

(၃) ရှိရင်းစွဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ် လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်း ကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း၊

(ခ) သီးသန့်ရန်ပုံငွေမှကျခံသုံးစွဲခြင်းကိုဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

## အခန်း (၄)

## ငွေချေးယူခြင်း

၇။ (က) ဝန်ကြီးအဖွဲ့သည် စီးပွားရေးစီမံကိန်းပါ လုပ်ငန်းစီမံချက်များ အတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရ သုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက် ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့် လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည် ချေးယူရရှိသည့်ငွေကို နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၊ စည်ပင်သာယာရေး အဖွဲ့များသို့ သင့်လျော်သော စည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးနိုင်သည်။

၈။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ် အသစ်များဖြင့် လဲလှယ်နိုင်သည်။

၉။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေး အဖွဲ့များသည် စီမံကိန်းပါ လုပ်ငန်းစီမံချက်များအတွက် ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ပမှ ငွေချေးယူနိုင်သည်။

၁၀။ (က) ဝန်ကြီးအဖွဲ့သည် ဤအခန်း (၄)ပါ ကိစ္စရပ်များအားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအား လိုအပ်သော သတ်မှတ် ချက်များနှင့်အညီ လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးသည် ဤအခန်း (၄) အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော် ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ၁၉၈၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၉၈၂ ခုနှစ်၊ မတ်လ ၃၁ ရက် နေ့တွင်ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၄) အရ ငွေချေး စာချုပ်ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူလက်ခံရရှိသည့်ငွေ စုစု ပေါင်းသည် ကျပ် သုံးရာငါးဆယ်ကုဋေ ပမာဏထက် မပိုစေရ။

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန် အကောက် | နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားအာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်သူ့လွှတ်တော် | နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး သို့မဟုတ် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက တာဝန်ပေးသူ | | | ၈,၁၀၀ | | ... | | | | | |
| ၂ | နိုင်ငံတော် ကောင်စီနှင့် ပြည်သူ့ ကောင်စီအဆင့်ဆင့် | ၎င်း | | | ၂၉,၁၀,၆၉၀ | | ၁,၅၀,၀၀၀ | | | | | |
| ၃ | ဝန်ကြီးအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂,၀၀၀ | | ၁,၅၀၀ | | | | | |
| ၄ | ပြည်သူ့တရားသူကြီးအဖွဲ့ | ပြည်သူ့ တရားသူကြီး အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၂,၁၅,၂၀,၆၀၀ | | — | | | | | |
| ၅ | ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ | ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကတာဝန်ပေးသူ | | | ၅,၂၀၀ | | ... | | | | | |
| ၆ | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ | ပြည်သူ့ လုပ်ငန်း စစ်ဆေးရေး အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၂,၃၇,၄၀၀ | | — | | | | | |
| | ပေါင်း .... | | | | ၂,၄၆,၈၃,၉၉၀ | | ၁,၅၁,၅၀၀ | | | | | |

## ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့

ဇယား (၂)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်သူ့လွှတ်တော် | နိုင်ငံတော်ကောင်စီအတွင်းရေးမှူး သို့မဟုတ် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက တာဝန်ပေးသူ | ၃,၃၀,၂၄,၄၄၀ | .... | | ၆,၁၆,၄၀၀ | | | | |
| ၂ | နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် | ၎င်း | ၂၀,၂၆,၀၅,၃၂၀ | — | | ၄,၇၀,၂၆,၁၇၀ | | | | |
| ၃ | ဝန်ကြီးအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၀,၉၀,၀၁၀ | — | | ၄၁,၅၀၀ | | | | |
| ၄ | ပြည်သူ့တရားသူကြီးအဖွဲ့ | ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂,၀၅,၃၀,၆၅၀ | — | | ၁၃,၁၉,၇၁၀ | | | | |
| ၅ | ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ | ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၁၄,၅၉,၄၀၀ | ၁၀,၀၀၀ | | ၀,၀၀,၇၇၀ | | | | |
| ၆ | ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃,၂၉,၄၁,၉၃၀ | — | | ၁၀,၄၅,၉၀၀ | | | | |
| | ပေါင်း .... | | ၃၉,၂၅,၄၇,၇၅၀ | ၁၀,၀၀၀ | | ၅,၁၆,၅၀,၅၃၀ | | | | |

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန် အကောက် | နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ချေးမြီ: ထုဘ်ချေးငွေအတွက် ပြန်ရငွေ | ချေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူ ပြည်သားများ သုံးစွဲမှု အပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ် က တာဝန်ပေးသူ | | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၅၇,၇၁,၉၀၀ | | | | | | | | | |
| | ၂ | ဝင်ကုန်အတွက် လိုင်စင်ခများ | | ၇,၅၀,၀၀,၀၀၀ | | | | | | | | | |
| | ၃ | မြန်မာနိုင်ငံ ဆောင်ဘာလေသိန်းဆု | | ၉,၇၀,၀၀,၀၀၀ | | | | | | | | | |
| | ၄ | သယ်ယူပို့ဆောင်ရေးအခွန် | | ၆၅,၉၃,၀၀၀ | | | | | | | | | |
| | ၅ | ကုန်စည်နှင့် ဝန်ဆောင်မှုခွန် | | ၂,၅၉,၇၂,၇၉,၀၀၀ | | | | | | | | | |
| ၂ | | ဝင်ငွေနှင့် ပိုင်ဆိုင်မှု အပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ၎င်း | | | | | | | | | | |
| | ၁ | ဝင်ငွေခွန် | | ၆,၆၂,၆၂,၆၀၀ | | | | | | | | | |
| | ၂ | အမြတ်ခွန် | | ၁၂,၉၄,၁၁,၀၃၀ | | | | | | | | | |
| ၃ | | အကောက်ခွန် | ၎င်း | | | | | | | | | | |
| | ၁ | အကောက်ခွန် | | ၇၂,၈၀,၀၀,၀၀၀ | | | | | | | | | |
| ၄ | | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့် အပေါ် ကောက်ခံသည့် အခွန်အကောက် | ၎င်း | | | | | | | | | | |
| | ၁ | မြေ ယာ ပေါ် တွင် ကောက်ခံသည့် အခွန် | | ၃,၉၃,၆၂,၀၀၀ | | | | | | | | | |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | ၂,၇၁,၆၂,၀၀၀ | | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၁၂,၀၅,၈၉,၆၀၀ | | | | | | | | | |
| | ၄ | ဓာတ်သတ္တု ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၁,၃၂,၀၆,၀၀၀ | | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၂,၉၆,၃၂,၅၀၀ | | | | | | | | | |
| | ၆ | ကြက်ပေါင်စေးပေါ်တွင် ကောက်ခံသည့်အခွန် | | ၁,၃၅,၀၀၀ | | | | | | | | | |
| ၅ | | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ၎င်း | | ၁,၀၉,၈၁,၉၃,၀၀၀ | | | | | | | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ — အခွန်အကောက် | နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ချေးမြီ — ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးမြီ — ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၆ | ဝန်ကြီးချုပ်ရုံး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ် က တာဝန်ပေးသူ | | | .... | .... | .... | .... | .... | .... | .... | |
| ၇ | နိုင်ငံခြားရေး | ရင်း | | | ၁,၁၂,၃၂၀ | — | ၉၉,၇၀၀ | .... | .... | .... | .... | |
| ၈ | ကာကွယ်ရေး | ရင်း | | | ၈၅,၂၅,၀၀၀ | — | — | .... | .... | .... | .... | |
| ၉ | ပြည်ထဲရေးနှင့် သာသနာရေး | ရင်း | | | ၁,၃၄,၃၃,၀၀၀ | .... | ၄,၁၅,၀၀၀ | ၂၇,၀၀၀ | .... | .... | .... | |
| ၁၀ | လူမှုဝန်ထမ်း | ရင်း | | | ၇,၄၉,၄၄၁ | — | — | ၁၈,၄၂,၀၀၀ | .... | .... | .... | |
| ၁၁ | မြန်ကြားရေး | ရင်း | | | ၂,၀၃,၇၅၀ | .... | ၈၇,၂၀၀ | — | .... | .... | .... | |
| ၁၂ | ယဉ်ကျေးမှု | ရင်း | | | ၈,၆၄,၉၈၀ | .... | — | ၁,၀၀၀ | .... | .... | .... | |
| ၁၃ | ပညာရေး | ရင်း | | | ၅,၀၉,၆၆,၄၁၀ | .... | — | ၄၄,၄၅,၀၀၀ | — | ၁၈,၈၃,၀၀၀ | .... | |
| ၁၄ | ကျန်းမာရေး | ရင်း | | | ၄၃,၉၇,၇၇၁ | — | — | ၄,၉၈,၃၀,၀၀၀ | — | — | .... | |
| ၁၅ | အလုပ်သမား | ရင်း | | | ၈,၅၄၀ | — | — | ၅,၄၅,၀၀၀ | — | — | .... | |
| ၁၆ | လယ်ယာနှင့် သစ်တော | ရင်း | | | ၁၆,၅၁,၆၃,၂၀၀ | — | ၅၀,၀၀,၀၀၀ | ၆,၆၈,၀၂,၀၀၀ | .... | ၁၉,၇၃,၆၈,၀၀၀ | .... | |
| ၁၇ | သတ္တုတွင်း | ရင်း | | | ၁,၄၀,၇၀၀ | — | ၂,၅၀,၀၀၀ | ၆၀,၀၆,၀၀၀ | — | — | .... | |
| ၁၈ | အမှတ် (၁)စက်မှု | ရင်း | | | ၅,၈၂,၁၅၀ | .... | — | .... | — | .... | .... | |
| ၁၉ | အမှတ် (၂)စက်မှု | ရင်း | | | ၇၀၀ | — | — | — | — | — | .... | |
| ၂၀ | ဆောက်လုပ်ရေး | ရင်း | | | ၁,၂၇,၂၃,၀၀၀ | ၂,၂၁,၅၀၀ | .... | ၃,၂၀,၃၆,၀၀၀ | ၄,၆၀,၀၀၀ | ၁,၀၀၀ | .... | |
| ၂၁ | ပို့ဆောင်ဆက်သွယ်ရေး | ရင်း | | | ၁,၁၃,၀၁,၀၀၀ | — | ၁၀,၀၀၀ | ၆၆,၁၄,၀၀၀ | — | ၁၂,၅၀,၀၀၀ | .... | |
| ၂၂ | ကုန်သွယ်ရေး | ရင်း | | | ၂၉,၇၂,၂၀၀ | — | — | .... | — | — | .... | |
| ၂၃ | သမဝါယမ | ရင်း | | | ၄၃,၉၁,၀၀၀ | — | — | .... | — | .... | .... | |
| ၂၄ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ရင်း | | | ၆,၂၅,၀၄,၆၆၀ | ၁၆,၉၄,၇၇,၆၁၀ | ၁၀,၀၀၀ | ၁,၂၇,၅၆,၀၀၀ | ၇,၄၆,၆၃,၀၀၀ | ၄၄,၄၄,၄၀,၀၀၀ | ၁၂,၇၀,၄၂,၀၀၀ | |
| ၂၅ | ပင်စင်လစာငွေမျှားနှင့် ဆုငွေများ | ရင်း | | | ၅,၀၀,၁၀၀ | .... | .... | .... | — | .... | .... | |
| | ပေါင်း .... | | ၃,၈၁,၇၇,၀၄,၆၃၀ | ၁,၀၉,၈၁,၉၃,၀၀၀ | ၃၃,၉၅,၃၉,၉၂၀ | ၁၆,၉၆,၉၉,၁၁၀ | ၅၈,၇၁,၉၀၀ | ၁၀,၀၉,၀၄,၀၀၀ | ၇,၅၁,၂၃,၀၀၀ | ၆၄,၄၉,၅၇,၈၀၀ | ၁၂,၇၀,၄၂,၀၀၀ | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | သီးသန့် ရန်ပုံငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ဝန်ကြီးချုပ်ရုံး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၈,၀၉,၈၁၀ | .... | — | ၃၅,၉၄,၈၁၀ | | | | | |
| ၂ | နိုင်ငံခြားရေး | ၎င်း | ၄,၂၄,၈၂,၆၇၀ | — | ၄,၅၄,၆၀၀ | ၅၆,၂၀,၁၅၀ | | | | | |
| ၃ | ကာကွယ်ရေး | ၎င်း | ၁,၂၄,၉၁,၉၈,၈၀၀ | ၁,၀၀၀ | — | ၁၈,၂၂,၁၆,၀၀၀ | | | | | |
| ၄ | ပြည်ထဲရေးနှင့် သာသနာရေး | ၎င်း | ၃၈,၁၇,၀၀,၀၀၀ | — | ၁,၁၆,၃၆,၀၀၀ | ၂,၃၆,၉၄,၇၀၀ | | | | | |
| ၅ | လူမှုဝန်ထမ်း | ၎င်း | ၁,၄၇,၂၃,၄၅၀ | — | ၂၇,၅၇,၃၄၀ | ၁၅,၃၅,၅၄၀ | | | | | |
| ၆ | ပြန်ကြားရေး | ၎င်း | ၁,၀၅,၂၇,၈၀၀ | — | — | ၁,၆၃,၅၅၀ | | | | | |
| ၇ | ယဉ်ကျေးမှု | ၎င်း | ၇၀,၂၉,၂၀၀ | — | ၁၂,၅၀၀ | ၂၄,၅၂,၀၅၀ | | | | | |
| ၈ | ပညာရေး | ၎င်း | ၅၉,၇၉,၀၀,၀၀၀ | — | ၃,၀၂,၀၀၀ | ၅,၀၅,၅၉,၇၂၀ | | | | | |
| ၉ | ကျန်းမာရေး | ၎င်း | ၃၀,၀၂,၀၇,၇၉၀ | — | ၃၂,၁၃,၅၀၀ | ၄,၅၅,၈၉,၉၂၀ | | | | | |
| ၁၀ | အလုပ်သမား | ၎င်း | ၈၀,၅၃,၀၉၀ | — | ၅၈,၇၉,၆၀၀ | ၂,၃၆,၇၀၀ | | | | | |
| ၁၁ | လယ်ယာနှင့် သစ်တော | ၎င်း | ၄၂,၃၅,၅၀,၀၀၀ | ၈,၂၉,၂၀၀ | ၁၇,၉၃,၆၀၀ | ၆၀,၀၀,၂၄,၅၀၀ | — | ၁၇,၄၆,၀၀၀ | | | |
| ၁၂ | သတ္တုတွင်း | ၎င်း | ၃,၀၀,၃၁,၀၀၀ | — | — | ၁,၀၃,၆၅,၉၀၀ | | | | | |
| ၁၃ | အမှတ် (၁) စက်မှု | ၎င်း | ၉၀,၈၀,၁၀၀ | — | — | ၂၉,၇၆,၇၆၀ | | | | | |
| ၁၄ | အမှတ် (၂) စက်မှု | ၎င်း | ၅,၂၇,၀၀၀ | — | — | ၇၄,၂၈၀ | | | | | |
| ၁၅ | ဆောက်လုပ်ရေး | ၎င်း | ၁၇,၇၀,၃၁,၀၄၀ | — | — | ၁၄,၉၆,၁၇,၉၈၀ | ၁၅,၀၀,၀၀၀ | | | | |
| ၁၆ | ပို့ဆောင်ဆက်သွယ်ရေး | ၎င်း | ၄,၉၉,၆၃,၀၀၀ | ၂၂,၃၂,၀၀၀ | ၁၁,၇၅,၀၀၀ | ၉,၂၂,၈၄,၁၇၀ | — | ၃၇,၇၃,၀၀၀ | | | |
| ၁၇ | ကုန်သွယ်ရေး | ၎င်း | ၉၆,၈၅,၀၀၀ | — | ၂,၅၀,၀၀၀ | ၁,၀၈,၇၀၀ | | | | | |
| ၁၈ | သမဝါယမ | ၎င်း | ၇,၆၀,၉၀,၀၀၀ | — | — | ၃၈,၄၉,၀၆၀ | | | | | |
| ၁၉ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၎င်း | ၄၁,၃၇,၄၂,၆၀၀ | ၁၇,၆၀,၀၉,၉၀၀ | ၂,၉၉,၆၈,၃၀၀ | ၇၁,၅၃,၄၂၀ | .... | ၂၀,၉၈,၂၆,၀၀၀ | ၂,၆၂,၀၃,၅၆၀ | ၁,၂၇,၃၀,၀၀၀ | .... |
| ၂၀ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ၎င်း | ၂၄,၄၅,၄၂,၉၀၀ | — | — | — | | | | | |
| ၂၁ | ဆုငွေများနှင့် တလုံးတည်းပင်စင်ငွေများ | ၎င်း | ၉,၀၁,၀၀,၀၀၀ | .... | — | .... | | | | | |
| ၂၂ | သီးသန့်ရန်ပုံငွေ | ဤရန်ပုံငွေမှ ထုတ်ယူ သုံးစွဲခွင့် ရရှိသော နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်း၏ ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ဖော်ပြထားသော တာဝန်ခံ သို့မဟုတ် အဆိုပါ ပုဂ္ဂိုလ်က တာဝန်ပေးသူ | .... | — | — | .... | .... | .... | .... | .... | ၁၅,၄၂,၂၂,၀၀၀ |
| | ပေါင်း — | | ၄,၁၃,၈၉,၃၄,၄၆၀ | ၁၇,၉၀,၇၂,၁၀၀ | ၅,၃၄,၄၂,၄၄၀ | ၁,၁၀,၂၀,၁၇,၉၉၀ | ၁၅,၀၀,၀၀၀ | ၂၀,၅၃,၄၅,၀၀၀ | ၂,၆၂,၀၃,၅၆၀ | ၁,၂၇,၃၀,၀၀၀ | ၁၅,၄၂,၂၂,၀၀၀ |

A

# အပိုင်း ၄

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၁၂။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရမိမိတို့၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်၊

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများသည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်၊

(ဂ) နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများအတွက် တာဝန်ခံရမည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့်ပုဂ္ဂိုလ် ဖြစ်သည်၊

(ဃ) ရှိရင်းစွဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေကို စီမံခန့်ခွဲရာတွင် ဇယား (၅)နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံရသည့် ပုဂ္ဂိုလ်၏အမိန့်များ သို့မဟုတ် ညွှန်ကြားချက်များနှင့်အညီ လိုအပ်သည့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်ကြရမည်။

## အခန်း (၂)

## နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၃။ (က) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅)နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲ ပေးနိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများအတွက် နိုင်ငံတော်က စိုက်ထားသောငွေကိုဖြစ်စေ၊ ထုတ်ချေးထားသောငွေကိုဖြစ်စေ၊ ထောက်ပံ့ထားသောငွေကိုဖြစ်စေ အကျိုးတူရင်းနှီးမြှုပ်နှံမှု မ တည်ငွေအဖြစ် ပြောင်းလဲရန်လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်၊

(ဃ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းရည်မှန်းချက်များနှင့်အညီစီးပွားရေးဆန်ဆန် လုပ်ကိုင်ဆောင်ရွက်ကြရာ၌ အခြေပြုနိုင်ရန် ထိုအဖွဲ့အစည်း အသီးသီးအတွက် လုပ်ငန်း ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးကို သတ်မှတ်ပေးနိုင်သည်၊

(င) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများ၏ ကုန်ပစ္စည်း ဈေးနှုန်းများနှင့် ဝန်ဆောင်ခနှုန်းထားများကို လိုအပ်သလို သတ်မှတ်ပေးနိုင်သည်၊

(စ) ဝန်ကြီးအဖွဲ့သည် ထောက်ပံ့ငွေလိုသော နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းအား လိုအပ်သောစည်းကမ်းချက်များဖြင့် ထောက်ပံ့ငွေထုတ်ပေးနိုင်သည်၊

(ဆ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရန်ဖြစ်စေ လိုအပ်သောငွေများကို ဘဏ်ဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်၊

(ဇ) ပုဒ်မခွဲ (ဆ) ပါ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းဆိုသည့်စကားရပ်တွင် ဘဏ်ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမပါဝင်စေရ၊

(ဈ) ဝန်ကြီးအဖွဲ့သည် ပုဒ်မခွဲ (ဆ) ပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအားအပ်နှင်းနိုင်သည်။

## အခန်း (၃)

## နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၄။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအရစီအစဉ်ဖြင့် စီမံခန့်ခွဲရမည်၊

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများက မိမိတို့ လုပ်ငန်းအရ ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြောင်းလဲနိုင်သည်၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းအသီးသီးသည် ပုဒ်မ ၁၃ ပုဒ်မခွဲ (ဆ) အရ ချေးယူလိုလျှင် ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးသည့် ငွေထက် မကျော်လွန်ပဲ ချေးယူနိုင်သည်။

၁၅။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြသော ၁၉၈၁-၈၂ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံ | ငွေများ | | | | | | ငွေပို | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | [illegible] | [illegible] | | | ၂၇,၃၃,၉၀,၃၂,၇၀၀ | | ၄,၂၂,၂၇,၀၀၀ | ၀၂,၅၅,၆၁,၀၀၀ | ၁,၈၇,၅၅,၀၀၀ | ၁,၉၅,၇၉,၆၀,၀၀၀ | |
| ၂ | | | | | | | | | | | |
| | ပေါင်း — | | | | ၂၇,၃၃,၉၀,၃၂,၇၀၀ | | ၄,၂၂,၂၇,၀၀၀ | ၁၂,၅၆,၆၁,၀၀၀ | ၁,၈၇,၅၅,၀၀၀ | ၁,၉၅,၇၉,၆၀,၀၀၀ | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများသို့ ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မတီနှင့် ဘဏ် စသည့်အဖွဲ့ အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၁,၁၃,၉၄,၂၁,၄၀၀ | | | ၅,၃၃,၃၄,၃၉,၉၆၀ | ၁,၆၇,၆၀,၀၀၀ | ၅၇,၉၅,၁၉,၂၀၀ | ၇,၉၈,၇၅,၀၀၀ | |
| | ပေါင်း .... | | ၂၁,၁၃,၉၄,၂၁,၄၀၀ | | | ၅,၃၃,၃၄,၃၉,၉၆၀ | ၁,၆၇,၆၀,၀၀၀ | ၅၇,၉၅,၁၉,၂၀၀ | ၇,၉၈,၇၅,၀၀၀ | |

## အပိုင်း ၅

## စည်ပင်သာယာရေးအဖွဲ့များ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၁၆။ (က) စည်ပင်သာယာရေးအဖွဲ့များသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်၊

(ခ) ဇယား (၇)နှင့် (၈) တို့တွင် ဖော်ပြထားသော ငွေများသည် စည်ပင်သာယာရေးအဖွဲ့များက စီမံကိန်း ရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်၊

(ဂ) စည်ပင်သာယာရေး အဖွဲ့များအတွက် ကာဝန်ခံရမည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇)နှင့် (၈) တို့တွင်ဖော်ပြထားသည့် ပုဂ္ဂိုလ်ဖြစ်သည်၊

(ဃ) ရှိရင်းစွဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ စည်ပင်သာယာရေးအဖွဲ့များသည် ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်

များအရ မိမိတို့၏ဘဏ္ဍာငွေကို စီမံခန့်ခွဲရာတွင် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံရသည့်ပုဂ္ဂိုလ်၏အမိန့်များ သို့မဟုတ် ညွှန်ကြား ချက်များနှင့်အညီ လိုအပ်သည့် ဘဏ္ဍာရေး လုပ်ထုံးလုပ် နည်းများကို ချမှတ်ဆောင်ရွက်ကြရမည်။

## အခန်း (၂)

## စည်ပင်သာယာရေးအဖွဲ့များနှင့် စပ်လျဉ်း၍ဝန်ကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၇။ (က) ဝန်ကြီးအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်း အရ လိုအပ်လျှင် ဇယား(၇)နှင့် (၈) တို့တွင်ဖော်ပြထား သောငွေများကို ပြောင်းလဲပေးနိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည် ထောက်ပံ့ငွေလိုသော စည်ပင်သာယာ ရေးအဖွဲ့အား လိုအပ်သော စည်းကမ်းချက်များဖြင့် ထောက်ပံ့ငွေထုတ်ပေးနိုင်သည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့များက လုပ် ငန်းလုပ်ကိုင်ရန်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရန်ဖြစ်စေ လိုအပ် သောငွေများကို ဘဏ်ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင် သည်၊

(ဃ) ဝန်ကြီးအဖွဲ့သည် ပုဒ်မခွဲ (ဂ) ပါ လုပ်ပိုင်ခွင့်များကို စီမံ ကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအား အပ်နှင်း နိုင်သည်။

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အနှစ် အကျော်သာ | နိုင်ငံတော်ဆီစီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနလက်အောက်ရှိစည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆,၇၆,၈၄,၇၅၀ | .... | ၁၁,၄၁,၈၉,၁၆၀ | .... | .... | .... | .... | ၁,၈၄,၇၆,၇၈၁ | | |
| ၂ | ကာကွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၂,၁၈,၈၂၀ | .... | ၁၆,၉၉,၈၄၀ | | | | | | | |
| | ပေါင်း .... | | ၆,၇၉,၀၃,၅၇၀ | .... | ၁၁,၅၈,၈၉,၀၀၀ | .... | .... | .... | .... | ၁,၈၄,၇၆,၇၀၀ | | |

A

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ပြန်းယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ စည်ပင်သာယာရေး အဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၄,၈၁,၅၁,၅၂၀ | .... | .... | ၈,၇၂,၅၇,၈၂၀ | .... | ၂၀,၈၁,၀၀၀ | | |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၁၈,၁၅,၅၀၀ | .... | .... | ၄,၀၂,၂၀၀ | | | | |
| | ပေါင်း .... | | ၁၄,၉၉,၆၇,၀၂၀ | .... | .... | ၈,၇၆,၆၀,၀၂၀ | .... | ၂၀,၈၁,၀၀၀ | | |

# အခန်း (၃)

## စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၈။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ဇယား (၇)နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် စီမံခန့်ခွဲရမည်၊

(ခ) ဇယား (၇)နှင့် (၈)တို့တွင် ဖော်ပြထားသော ငွေများကို စည်ပင်သာယာရေးအဖွဲ့များက မိမိတို့ လုပ်ငန်းအရ ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့်ပြောင်းလဲနိုင်သည်၊

(ဂ) စည်ပင်သာယာရေးအဖွဲ့အသီးသီးသည် ပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ)အရ ချေးယူလိုလျှင် ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးသည့် ငွေကက်မကျော်လွန်ပဲ ချေးယူနိုင်သည်။

၁၉။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ဇယား(၇) နှင့် (၈) တို့တွင် ဖော်ပြထားသောငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်သို့ တင်ပြသော ၁၉၈၁-၈၂ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း များတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်၊

(ခ) စည်ပင်သာယာရေး အဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော ရှိရင်းစွဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ အရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

# အပိုင်း ၆

## အထွေထွေ

၂၀။ နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ လျာထားသောရငွေတို့ထက်တိုး၍ သို့မဟုတ် လျော့၍ရသော ရငွေများနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ (ဿ) အရ ဝန်ကြီးအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်၏ နောက်ဆက်ရငွေ သုံးငွေအဖြစ် တင်ပြတောင်းခံခွင့်မရှိစေရ။ သို့ရာတွင် ပုဒ်မ ၆ ဥပဒေပါရှိသော စည်းကမ်းချက်များနှင့်ညီညွတ်သည့် အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့်လုံလောက်ခြင်းမရှိပါက အသုံးစရိတ်တခုချင်းအတွက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်သူ့လွှတ်တော်သို့ တင်ပြတောင်းခံနိုင်သည်။

# မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့
# ထောက်ပံ့ငွေပေးရေး ဥပဒေကို ပြင်ဆင်သည့်
# ဥပဒေ

# မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးရေး ဥပဒေ ကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၈၁ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၄ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၁၉၈၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးရေး ဥပဒေ ပုဒ်မ ၃ တွင် "ကျပ်သိန်းခြောက်ရာ" ဆိုသည့်စကားရပ်ကို "ကျပ်သိန်းရှစ်ရာ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) စန်းယု
ဥက္ကဋ္ဌ၊
နိုင်ငံတော်ကောင်စီ၊
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၄၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်။
(၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

# မြန်မာစာအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# မြန်မာစာအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

[ ၁၉၇၁ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၅ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာစာအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာစာအဖွဲ့ဥပဒေပုဒ်မ ၃ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

၃။ (က) ဝန်ကြီးအဖွဲ့သည်—

(၁) နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့် အဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်၊

(၂) အဖွဲ့ဝင် ဦးရေကို နိုင်ငံတော်ကောင်စီ က သတ်မှတ်ပေးသည့်အတိုင်း ထားရှိရမည်၊

(၃) အဖွဲ့၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်ကောင်စီ က အခါအားလျော်စွာ သတ်မှတ်ပေးသည့် ရပိုင်ခွင့်များကို ခံစားခွင့်ပြုရမည်၊

( ခ ) အဖွဲ့သည်—

(၁) ပညာရေးဝန်ကြီးဌာနကို တာဝန်ခံရမည်၊

(၂) လုပ်ငန်း တာဝန် များ ကို ဆောင် ရွက် ရန် လိုအပ်သောရုံးကို ဖွဲ့စည်းထားရှိရမည်။

(ပုံ) စန်းယု၊
ဥက္ကဋ္ဌ၊
နိုင်ငံတော်ကောင်စီ၊
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၄၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်။
(၁၉၈၁ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

ပ၊စ၊က၊—အမှတ် ၁၂၉၅၆၈—၂၃-၁-၈၂။ ၅,၀၀၀ + ၂၅—မနလစ + ဖလ။